# ၂၅၁း ကယ်တင်ရှင်၊ သိုးထိန်းလိုလမ်းပြကျူး

## Saviour, Like a Shepherd Lead Us

ဆာ ၂၃း၁

ကယ်တင်ရှင်၊ သိုးထိန်းလို လမ်းပြ၊ ကိုယ်တော်စောင့်မရန် လိုပါ၊
စိမ်းလန်း ကျက်စားရာတွင် ကျွေးမွေး၊ ပြင်ဆင်ပါ ခြံတော်ဖို့ပေ၊
သန့်ရှင်း ယေရှု၊ ကိုယ်တော်မြတ်သည်၊ ကျွန်ုပ်တို့ကို ဝယ်ယူပြီ၊
သန့်ရှင်း ယေရှု၊ ကိုယ်တော်မြတ်သည်၊ ကျွန်ုပ်တို့ကို ပိုင်မူ၏။

ကိုယ်တော် ပိုင်သောကြောင့် ကွယ်ကာပါ၊ လမ်းရှောက်သွားစဉ် လမ်းပြပါ၊
သိုးစုတော်ကို ပြစ်မှကွယ်ကာ၊ လမ်းမှားသော် လိုက်ရှာမူပါ၊
သန့်ရှင်း ယေရှု၊ ကိုယ်တော်မြတ်သည် ကျွန်ုပ်တို့ ဆုတောင်းသောခါ၊
သန့်ရှင်း ယေရှု၊ ကျွန်ုပ်တို့၏ ဆုတောင်းသံကို နားညောင်းပါ။

ဆင်းရဲ၍ ပြစ်နှင့်ပြည့်သော်လည်း၊ လက်ခံမည် ကတိရှိပြီ၊
ကယ်တင်ရန် ဂရုဏာတော်ရှိ၊ ဆေးကြော ကယ်လွှတ်ရန် စွမ်း၏။
သန့်ရှင်း ယေရှု ကိုယ်တော်မြတ်ထံ၊ လျင်မြန်စွာ ပြောင်းလဲစေပါ၊
သန့်ရှင်း ယေရှု၊ ကိုယ်တော်မြတ်ထံ၊ လျင်မြန်စွာ ပြောင်းလဲစေပါ။

ငယ်စဉ်ခါ၊ မျက်နှာတော်ကိုရှာ၊ အလိုတော်လိုက်ရန် စောင့်မ၊
ကယ်တင်ပိုင်ရှင်၊ ကိုယ်တော်ကိုသာ၊ ချစ်လို့ငှာ ခွင့်ပေးသနား၊
သန့်ရှင်း ယေရှု၊ ကိုယ်တော်မြတ်သည် ချစ်တော်မူ ကျွန်ုပ်တို့အား၊
သန့်ရှင်း ယေရှု၊ ကိုယ်တော်မြတ်သည် ယခုတိုင်အောင် ချစ်မူပါ။